## ကိုလံဘီယာမှ အစ္စလာမ် သာသနာ



ကိုလံဘီယာနိုင်ငံသည် တောင်အမေရိကတိုက်ကြီး၏ မြောက်ဘက်ဆုံးတွင် တည်ရှိပြီး နိုင်ငံ၏ တောင်ပိုင်းသည် အီကွေတာ ဖြတ်သွားရာ လမ်းကြောင်းပေါ်၌ ရှိသည်။ ပနားမားနိုင်ငံ၊ ကယ်ရေဘီယံပင်လယ်ကွေ့၊ ဗင်နီဇွဲလားနိုင်ငံ၊ ဘရာဇီးလ်နိုင်ငံ၊ ပီရူးနိုင်ငံ၊ အီကွေဒေါနိုင်ငံ၊ ပစ္စိဖိတ်သမုဒ္ဒရာ ကမ်းခြေ ပိုင်းရံထားသော နိုင်ငံဖြစ်သည်။



ကိုလံဘီယာနိုင်ငံ ယခု ဘိုဂိုတို ဟူသော အရပ်တွင် ဘီစီ ၁၀၀၀၀ ပတ်ဝန်းကျင် (သမ္မာကျမ်းစာပါ အာဒံ မပေါ်မီ နှစ်ပေါင်း ၄၀၀၀) ခန့်ကပင် စုပေါင်းနေ မှဆိုးအသိုင်းအဝိုင်း ဖြစ်တည်ခဲ့သည်။ ဘီစီ ထောင်စုနှစ်၏ အစပိုင်းမှစ၍ ကက်စီကစ်ခေါ် ခေါင်းဆောင်များ ဦးဆောင်သည့် ပီရမစ်ပုံ အုပ်ချုပ်ရေး ကာစီကာ့ဇ်ဂိုစ် စနစ် ထွန်းကားခဲ့သည်။ အေဒီ ၁၂၀၀ ဝန်းကျင် အင်ကာ့စ် မင်းဆက် ပေါ်ပေါက်လာပြီးနောက် တောင်အမေရိကတိုက်တွင် မြူစ်ကာ လူမျိုးမှာ နိုင်ငံရေး အဖွံ့ဖြိုးဆုံးဟု သတ်မှတ်နိုင်သည်။

PDF Created with deskPDF PDF Writer - Trial :: http://www.docudesk.com



ကိုလံဘီယာနိုင်ငံတွင် အစ္စလာမ်သာသနာ လူဦးရေမှာ ခန့်မှန်းခြေအားဖြင့် ၁၀၀၀၀ ခန့်ရှိ၍ နိုင်ငံ လူဦး ရေ၏ ၀.၀၂ ရာနှုန်း ဖြစ်သည်။ အစ္စလာမ်မစ် စင်တာ ငါးခု အပါအဝင် အစ္စလာမ့် အဖွဲ့အစည်းများလည်း ရှိနေသည်။ ဘိုတိုဂါနှင့် မိုင်ချို မြို့များတွင် အစ္စလာမ် မူလတန်းကျောင်း အလယ်တန်းကျောင်းများ ရှိ၍၊ မိုင်ချိုမြို့တွင် ဒုတိယ အကြီးဆုံး ဝတ်ကျောင်းတော် ဖြစ်သည့် အိုမာ အိဗ်နိ အလ် ခတ္တာ့ဗ် ဝတ်ကျောင်းတော် ရှိသည်။

မကြာမီ နှစ်များက အစ္စလာမ်နှင့် အာရဗ်-မူဆလင်တို့သည် ကိုလံဘီယာ လူဝင်မှုကြီးကြပ်ရေး ဌာနတို့ ထဲထဲဝင် ဝင်ပူးပေါင်းဆောင်ရွက်ခဲ့ရာ နိုင်ငံရေး၌ ပိုမို ပါဝင်ဆောင်ရွက်ခွင့်နှင့် ရေပန်းစားသော ယဉ်ကျေးမှုများတွင် ထြဇာ လွှမ်းမိုးလာခဲ့သည်။

Wiki မှ မှီငြမ်း၍ တင်ပြသည် (ဦးဌေးလွင်ဦး)

PDF Created with deskPDF PDF Writer - Trial :: http://www.docudesk.com